## ၉။ ကုဋ္ဌနူနာရောဂါဖြစ်နေတဲ့ ကပ္ပိယ

ဆရာတော် ။ ။ ကပ္ပိယအကြောင်းပြောနေရင်း ထွင့်မှုခေါင်ဆရာတော်ကြီးရဲ့ ကုဋ္ဌနူနာရောဂါဖြစ်နေတဲ့ ကပ္ပိယအကြောင်းကိုလည်း သတိရလာတယ်။

Dr. အောင်သူ ။ ။ ရောဂါသည်ကြီးက ကပ္ပိယ လုပ်နေတာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကပ္ပိယကိုသာဟန်တဲ့။ သူက နူနာရောဂါဖြစ်ပြီးတော့ လက်ချောင်းကလေးတွေတိုပြီး၊ ပြတ်တဲ့ဟာပြတ်၊ ကောက်တဲ့ဟာကောက်နေတာတဲ့။

M.Sc ကျောင်းသား ။ ။ ဆရာတော်ကြီးအတွက် ကပ္ပိယကဘာတွေလုပ်ပေးရတာလဲဘုရား။

ဆရာတော် ॥ ॥ ဆွမ်း၊ ကွမ်း၊ အဖျော်ရည်တွေကို ဆက်ကပ်ရတယ်၊ နွေကာလ ညနေချမ်းအခါများမှာ ဆရာတော်က မန်ကျည်းဖျော်ရည် ဘုဉ်းပေးတော်မူလေ့ရှိလို့ မန်ကျည်းဖျော်ရည် ကပ်ရတယ်။

M.Sc ကျောင်းသား ॥ ॥ နူနာရောဂါသယ်ကပ်ပွဲယကာ အဲဒါတွေကို လုပ်ပေးရတာလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဆိုကြပါစို့ ဥပမာ ညနေ မန်ကျည်းဖျော်ရည်ကပ်ခါနီးရင် ဆရာတော်ကြီးရှေ့မှာကိုသာဟန်က ထန်းလျက်၊ မန်ကျည်း၊ ဆားတွေသင့်အောင်ထည့်ပြီး သူ့လက်နဲ့ ပယ်ပယ်နယ်နယ်နယ်ပြီးတော့ အုန်းမှုတ်ခွက်ကြီးနှင့် ကပ်ရတယ်။

Dr. အောင်သူ ॥ ॥ တိုနေတဲ့ သူ့လက်နဲ့ အဲသလိုကြီးလုပ်ပြီး သူက ကပ်တာလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ချို၊ ချဉ်၊ ငန် အချိုးအစပ် တည့်မတည့်သိရအောင် သူက ပါးစပ်နဲ့ မြည်းစမ်းလိုက်သေးတာ ဒကာကြီး။

M.Sc ကျောင်းသား ॥ ॥ ဆရာတော်ကြီး မရွံ့ရှာဘူးလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးမှာ ရှိရှာတဲ့လက္ခဏာ မတွေ့ရပါဘူး။ မြိန်မြိန်ရှက်ရှက်ကြီးကို ဘုဉ်းပေးတော်မူတာပဲ။

Dr.အောင်သူ ။ ။ တင်ပါ။ ကျန်းမာတဲ့ ကပ္ပိယကလည်း ရှားလိုက်တာဘုရား။

M.Sc ကျောင်းသား ။ ။ အံ့ဩစရာပါ။ တပည့်တော် ခံစားလို့မရတော့ပါဘူးဘုရား။

ဆရာတော် ။ ။ ဆက်ပြီး ပြောပြဦးမယ်။

M.Sc ကျောင်းသား ။ ။ နူနာသည် ကပ္ပိယများအကြောင်းပဲ လား ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အရှင်မဟာကဿပမထေရ်ကြီးက ကုဋ္ဌနူနာသည်ရဲ့အိမ်ရှေ့မှာ ဆွမ်းရပ်တော်မူတယ်။ ရောဂါသည်ကလည်း ဆွမ်းထွက်လောင်းနေတုန်း သွေးပြည်တွေ ယိုစီးပြီး ပုပ်ပွ ဆွေးရိနေတဲ့လက်ချောင်း တစ်ချောင်းက သပိတ်ထဲ ပြုတ်ကျ ကျန်ရစ်ခဲ့တယ်။

M.Sc ကျောင်းသား ။ ။ သပိတ်ထဲက ဆွမ်းပေါ်
ကိုကျတာလား ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ် မောင်
ကျောင်းသား၊ အရှင်
မြတ်ကြီးကလည်း အဲဒီရောဂါသည်ကြီးကို ချီးမြှောက်လိုတဲ့အတွက် သူ့အိမ်ရှေ့မှာပဲထိုင်ပြီး သပိတ်ထဲပါလာတဲ့ လက်ချောင်း အပြတ်ကလေးကို ဘေးဖယ်ပြီးတော့ ဆွမ်းကို မရွံမရှာ မြိန်မြိန် ရှက်ရှက်ကြီး ဘုဉ်းပေးတော်မူတာပါပဲ ဒကာကြီး။

Dr. အောင်သူ ။ ။ သူတော်ကောင်းကြီး
များရဲ့သဘော သိခွင့်
ရတာ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ အခုထပ်ပြောပြဦးမှာ
ကတော့ ဘုန်းတော်
ကြီးဦးသီလရဲ့ ကပ္ပိယအကြောင်းပါ။

M.Sc ကျောင်းသား ။ ။ နူနာသည် ကပ္ပိယပဲ
လားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ် ကျောင်း
သား။ ဆရာတော်ကြီး
က ဆွမ်းခံရလာသမျှကို သပိတ်နဲ့အတူ နူနာသည် ကပ္ပိယကြီးကို ပေးတော်မူလေ့ရှိတယ်။ သူက ဆွမ်းတွေ၊ ဟင်းတွေထဲကို ရေထည့်ပြီး နယ်ဖတ် ပေးရတယ်။ တစ်နေ့ကျတော့ ဆရာတော်ကြီးက

*"ဟဲ့ - ကပ္ပိယကြီး၊ နင့် လက်ချောင်းလေးတွေ အစေ့ရှိသေးရဲ့လား"*လို့ မေးတော်မူသတဲ့။

Dr. အောင်သူ ။ ။ ဒီကပ္ပိယလက်ချောင်း ကလည်း ရိဆွေးလို့ပဲ ပြတ်ကျတာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကပ္ပိယက ဘယ်လိုဖြေလိုက်သလဲ ဆိုရင် *"တပည့်တော် လက်သန်းကလေး တစ်ဆစ် ပြုတ်ပါသွားတယ် ထင်တယ်ဘုရား"*တဲ့။

M.Sc ကျောင်းသား ။ ။ တပည့်တော် ကျန်းမာ အောင်နေပြီး အခုလို ကျင့်တဲ့ ဆရာတော်ကြီးများအနားမှာ ကပ္ပိယ လုပ်ချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အေးအေး သာဓု၊ သာဓု၊ သာဓုပါ မောင်ကျောင်း သား။

## ၃။ သတ္တာဟကာလိကဝတ္ထု

M.Sc ကျောင်းသား ။ ။ ဘုန်းဘုန်း မနေ့က မိန့် တော်မူတဲ့ ယာမကာ

---

ကျမ်းညွှန်း

* မဟာစရိယဦးဌေးလှိုင်၏ ထွန်းခေါင်ဆရာတော်၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ-၁၆၀-၁၆၂)

* (၁၀၅၈)၊ မဟာကဿပထေရဂါထာ၊ ထေရဂါထာပါဠိ (နှာ-၃၅၁)

လိကကို ယမကာနဲ့ မှတ်ထားလိုက်တော့ မှတ်မိနေပါတယ်ဘုရား။

ဆရာတော် ။ ။ သတ္တာဟကာလိကလို့ ခေါ်တဲ့ ရက်သတ္တတစ်ပတ်ထားခွင့်ရှိတဲ့ အကြောင်းအရာကို ပြောပြမယ်နော်၊ ကပ္ပိယက ဒါကိုလည်း အထူးသိထားဖို့လိုပါသေးတယ်။

Dr. အောင်သူ ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ရက်သတ္တတစ်ပတ် ထားခွင့်ရှိတာက ထောပတ်၊ ဆီဦး၊ နှမ်းဆီ၊ ပျားရည်၊ တင်လဲတို့ဖြစ်ပါတယ်။ အဲဒါမျိုး လေးမျိုးကို ရောစပ်ထားရင် စတုမဓုလို့ခေါ်တယ်။ ဒီကနေ့ အရုဏ်တက်ကနေစပြီး အကပ်ခံယူထားရင် နောက်ထပ် ၇-အရုဏ်ထိ အကပ်မခံဘဲ သုံးဆောင်ခွင့် ရှိပါတယ်။ ၇-အရုဏ်ကျော်ရင်တော့ သုံးခွင့် မရှိတော့ဘူး။ စွန့်ပစ် ရပါမယ်။ ဒါကိုတော့ သတ္တာဟကာလိကဝတ္ထုလို့ ခေါ်ပါတယ် မောင်ကျောင်းသား။

Dr. အောင်သူ ။ ။ အကပ်ခံထားရင် အချိန်မရွေးဘုဉ်းပေးလို့ ရပြီလားဘုရား။

ဆရာတော် ။ ။ ဒီမှာလည်း ရဟန်းကဆာရုံနဲ့ မစားကောင်း

ပါဘူး။ ရောဂါရှိမှသာ စားကောင်းပါတယ်။ အစာအိမ်ရောဂါရှိလို့ လေနာထရင် စားကောင်းပါတယ်။ အင်္ဂလိပ်ဆေးက အစာခံပြီးမှ ဘုဉ်းပေးရတာမို့ အနာရောဂါ အကြောင်းပြုပြီးဆေးဘုဉ်းဖို့ စတုမဓုဘုဉ်းတာ ဘုဉ်းပေးကောင်းပါတယ်။

## ၄။ ယာဝဇီဝိကဝတ္ထု

ဆရာတော် ။ ။ နောက်ဆုံးနံပါတ်လေးက ယာဝဇီဝိကဝတ္ထုပါ။

လူတို့ နေ့စဉ် စားသုံးနေကျဖြစ်တဲ့ အာဟာရဆွမ်းတွေကို *ယာဝကာလိက*လို့ ခေါ်ပါတယ်။ အပ်စပ်တဲ့ဖျော်ရည်တွေက ယာမကာလိကပါ။ ဆီ၊ ထောပတ်၊ တင်လဲ၊ ပျားရည်က စတုမဓုစတာတွေက *သတ္တာဟကာလိက* ဖြစ်ပါတယ်။

M.Sc ကျောင်းသား ။ ။ ယာဝဇီဝိကရဲ့အဓိပ္ပါယ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ သူက တစ်ခါအကပ်ခံထားပြီးရင် အသက်ထက်ဆုံး အနာရောဂါ အကြောင်းရှိလို့ရှိရင် ထပ်ပြီးတော့ အကပ်မခံဘဲ ဘုဉ်းပေးသုံးဆောင်ခွင့်ရှိပါတယ်။ ဘာတွေပါသလဲဆိုရင် ရေနဲ့ဒန်ပူမှ

ကြွင်းတဲ့ဆေးအဖြစ် အသုံးပြုတဲ့ သစ်ဥတွေ၊ သစ်ဖုတွေ၊ ပင်စည်၊ အပွေး၊ အခေါက်၊ အကာတွေ မျိုးမျိုးသော ယနေ့ပေါ်ပေါက်နေတဲ့ အင်္ဂလိပ်ဆေးတွေ၊ အမျိုးမျိုးသော မြန်မာဆေးတွေဟာလည်းပဲ ယာဝဇီဝိကထဲမှာ အကျုံးဝင်ပါတယ်။

Dr. အောင်သူ ॥ ॥ ဘုရားဥပဒေတော်က
သိပ်ကို ကြည်ညိုစရာ
ကောင်းတာပဲဘုရား။

ကျမ်းညွှန်း

* ဘေသဇ္ဇသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၆၃)
* ဘေသဇ္ဇသိက္ခာပဒဝဏ္ဏနာ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ-၂ (နှာ-၂၉၀)
* ဘေသဇ္ဇသိက္ခာပဒဝဏ္ဏနာ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၁၈၂)
* သန္နိဓိကာရသိက္ခာပဒဝဏ္ဏနာ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၀၄)
* အပတ္တကာဒိဝတ္ထုကထာ၊ မဟာခန္ဓက၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၃၀၈)